ပေါင်လောင်ကြီးကျေးရွာ

ပေါင်လောင်ကြီးကျေးရွာအုပ်စု

ကျောက်ဆည်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပေါင်လောင်ကြီးကျေးရွာ၊ ကျောက်ဆည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ ၂

၁. ကျောက်ဆည်မြို့နယ်၊ ပေါင်လောင်ကြီးအုပ်စု၊ပေါင်လောင်ကြီးကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. ကျောက်ဆည်မြို့နယ်၊ ပေါင်လောင်ကြီးအုပ်စု၊ပေါင်လောင်ကြီးကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** ၄

၃. ကျောက်ဆည်မြို့နယ်၊ ပေါင်လောင်ကြီးအုပ်စု၊ပေါင်လောင်ကြီးကျေးရွာ၏**ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ** ၅

၄. ကျောက်ဆည်မြို့နယ်၊ ပေါင်လောင်ကြီးအုပ်စု၊ပေါင်လောင်ကြီးကျေးရွာ၏ကျေးရွာ၏လက်ရှိဖွံ့ ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၇

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၈

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉

၄.စ။ ပညာရေး ၁၀

၄.ဆ။ ကျန်းမာရေး ၁၁

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၂

၄.ဈ။ ကျား – မ ရေးရာ ၁၃


၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၅

နောက်ဆက်တွဲများ


- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၆
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၇
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၃၂


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပေါင်လောင်ကြီး ကျေးရွာ 24.5.2018
သယံဇာတပြမြေပုံ
အ.ပ.ဂ စာသင်ကျောင်း
ဘိုးဘင်ကျင်း သတ်ကတ္တရာလမ်း
ရွာတွင်း ဖြင်ကျောက်ခဲမြေလမ်း
အုန်း၊ကော်ဖီ၊ကျောင်း
ဆားမြေဖော်ထုတ်သောအိုး
အုပ်ချုပ်ရေးမှူးရုံး
ရေဖြောင်း
သင်္ချိုင်း
လူနေအိမ်
မှုပ်စစ်မြေ
သယ်ကွက်

၂။ ကျောက်ဆည်မြို့နယ်၊ပေါင်လောင်ကြီးကျေးရွာအုပ်စု၊ပေါင်လောင်ကြီးကျေးရွာ၏ရာသီခွင်ပြ ပြက္ခဒိန်



၃။ ကျောက်ဆည်မြို့နယ်၊ ပေါင်လောင်ကြီးအုပ်စု၊ ပေါင်လောင်ကြီးကျေးရွာ၏ ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်ပြပုံ



၄. ကျောက်ဆည်မြို့နယ်၊ ပေါင်လောင်ကြီးအုပ်စု၊ပေါင်လောင်ကြီးကျေးရွာ၏ ကျေးရွာ၏

လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

ပေါင်လောင်ကြီးကျေးရွာသည်မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ် အတွင်း အုပ်စုကျေးရွာတစ်ရွာဖြစ်ပြီး ကျောက်ဆည်မြို့တောင်ဘက်(၁၅)မိုင်ခန့်အကွာ ဟံမြင့်မိုရ်မှ ရှမ်းပြည်ရွာငံ၊ အောင်ပန်းလမ်းအတိုင်း(၇)မိုင်အရောက် သံရွာကျေးရွာ၏ တောင်ဘက်(၃)မိုင်ခန့်တွင် တည်ရှိပါသည်။ကျောက်ဆည်မြို့နှင့်(၂၅)မိုင်ခန့် ဝေးပါသော်လည်း ကျေးရွာ၏အရှေ့ဘက်မှ ခရိုင်ချင်းဆက် အမှတ်(၂)လမ်းသည် ကတ္တရာလမ်းဖြစ်၍ သွားလာရလွယ်ကူပြီး တစ်နှစ်ပတ်လုံး သွားလာရေးလွယ်ကူစွာ အသုံးပြုပါသည်။ ကျေးရွာတစ်ရွာနှင့်တစ်ရွာ ဝေးလွန်ခြင်းမရှိသောကြောင့် လယ်ကွင်းများ ၌ပင်မိသားစုလိုက် နေထိုင်သည်များလည်း ရှိပါသည်။ကျေးရွာ၏ အရှေ့ဘက်ကပ်လျက် လွန်ကျော်ဝါသုတေသနမျိုးသန့်ခြင်း ၊မြောက်ဘက်(၁)မိုင်ခန့်တွင် ခတက္ကံုးအုပ်စု၊ အနောက်ဘက်(၁)မိုင်ခန့်တွင် ပဲခင်းအုပ်စု၊တောင်ဘက်(၁)မိုင်ခန့်တွင် မြစ်သားမြို့နယ် တစိုးကျေးရွာတို့တည်ရှိပြီး ရွာချင်းဆက်လမ်းများမှာကတ္တရာလမ်း၊ ကျောက်ကြမ်းလမ်းများဖြစ်၍ မိုးရာသီတွင်ပင် သွားလာရလွယ်ကူပါသည်။ ကျေးရွာ၏အရှေ့ဘက်(၅)မိုင်ခန့်တွင် ရှမ်းရိုးမတောင်တန်းများသည် စိမ်းလန်းစိုပြေနေ၍ ရိုးမတောင်တန်းဆင်ခြေချောတွင် လွန်ကျော်ဝါ စိုက်ပျိုးခြံ၊ယာကွင်းပြင်ကြီးများ၏ စိုပြေနေသော ဝါစိုက်ခင်းများ၊ ကျေးရွာ၏ထန်းတောများ၊ကျေးရွာနေပြည် သူများ၏စိုက်ပျိုးထားကြသော သီးနှံများ၏ စိမ်းလန်းစိုပြေနေသောသဘာဝအရောင်များနှင့် အလှဆင်ထားသဖွယ် တည်ရှိနေသော ရွာကြီးတစ်ရွာသဖွယ်ဖြစ်ပါသည်။

ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းမှာ စိုက်ပျိုးရေး၊မွေးမြူရေး၊ရောင်းဝယ်ရေး၊ သိုလှောင်ရေးအလုပ်တို့ လုပ်ကိုင်ကြပြီး စားဝတ်နေရေး၊လူမှုရေး၊စီးပွားရေး၊ဘာသာရေး၊ကျေးရွာဖွံ့ဖြိုးရေးနှင့် သား/သမီးများ၏ ပညာရေးကဏ္ဍ အသီးသီးတို့ကို ဖြေရှင်းကြသည်။စိုက်ပျိုးရေးကိုတော့ ရှမ်းပြည် မြို့ကြီးရေလှောင်တမံ၊ ကင်းတားဆည်တို့မှ နောင်ခမ်းသင်္ဘီး လက်တံ၊ ငလိုင်းဇင်မြောင်း

လက်တံတို့မှ စိုက်ပျိုးရေးကို အလှည့်ကျရေလှည်စနစ်ဖြင့် ရေပေးဝေပါသည်။ မွေးမြူရေးတွင်နွား၊ နို့စားနွား၊ဆိတ်၊ဝက် များမွေးမြူကြပြီး အပိုဝင်ငွေများရရှိအောင် လုပ်ကိုင်ကြသည်။ ရောင်းဝယ်ရေးတွင်တောင်သူကြီးများမှ ပိုလျှံငွေများဖြင့် နန္တင်း၊နှမ်း၊ကုလားပဲ၊ပဲတီစိမ်း၊ငရုတ်၊စပါးစသည့် အသီးအနှံများကိုတပိုင်တနိုင် ဝယ်ယူသိုလှောင်ကြပြီး၊ ကျေးရွာတွင်းတပိုင်တနိုင် ကုန်စုံဆိုင်များ၊ ဆိုင်ကယ် ကုန်စိမ်းစျေးသည်များစသည့်ဖြင့် လုပ်ကိုင်စားသောက်ကြသည်။

၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ပေါင်လောင်ကြီးကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၈°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၂°C ရှိတက်ပါသည်။ ကျေးရွာတွင်ရာသီဥတု အနေအထားတွင် နွေရာသီကဲ့သို့ကာလမျိုးတွင် ရှမ်းရိုးမတောင်တန်းမှ ဇော်ဂျီမြစ်ရေအဆက်မပြတ် စီးဆင်းနေမှုတို့ကြောင့် ပူလွန်းသည်လည်းမရှိပါ။ မိုးရာသီတွင်မိုးရေချိန် အသင့်အတင့်ရရှိပြီး စိုက်ပျိုး သီးနှံများမိုးရွာသွန်းမှုကြောင့် သီးနှံဖြစ်ထွန်းမှုသာရှိပြီးပျက်စီးဆုံးရှုံးမှုမရှိပါ။ဆောင်းဥတုလိုရာသီမျိုး တွင်လည်းကျန်းမာရေးချွတ်ယွင်းသည်အထိ ဘေးဥပါတ်အန္တရာယ် ဆိုးရွာစေသောရာသီမျိုး မဟုတ်၍ ကျေးရွာနေပြည်သူအများ အေးချမ်းစွာ နေထိုင်သမှုပြုနိုင်ကြပါသည်။ စိုက်ပျိုးကြပြီး သောက်သုံးရေ ကိုတော့ အဝီစိတွင်းမြေတွင်းများတစ် နှစ်ပတ်လည်အသုံးပြုနိုင်သည်။

သဘာဝအရင်းအမြစ်များတွင် ကျေးရွာ၌စိုက်ပျိုးရေကို မြေအောက်ရေမှာ ပေ(၄၀)မှပေ(၈၀) အတွင်း၌ ပင်မြေအောက်ရေ ရရှိသည်။

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ပေါင်လောင်ကြီးကျေးရွာတွင် စီးပွားရေးအခြေပြုသောအဖွဲ့ (၁)ဖွဲ့၊လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၆) ဖွဲ့ ရှိသည်။ ၄င်းအဖွဲ့အစည်းများသည် ၄င်းတို့၏ အခန်းကဏ္ဍာအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်လျှင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါ သည်။

ပေါင်လောင်ကြီးကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သာသနာ့အကျိုးတော်ဆောင်များဖြစ်သော ဂေါပကလူကြီးများ အဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေး လုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီများ ဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် သုခဃာယီနာရေး လူမှုကူညီရေးအသင်းဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးကဏ္ဍတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်း ရေးကော်မတီ ဖွဲ့စည်း၍ လျှပ်စစ်မီးနှင့်ပတ်သက်သော ဓါတ်အားလိုင်းများထိန်းသိမ်းခြင်း၊ လျှပ်စစ်မီးလင်းရေးဘဏ္ဍာများရှာဖွေခြင်း လုပ်ငန်းများအတွက် စီမံခန့်ခွဲစေခြင်း၊ ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သောလမ်းများ၊ ကျေးရွာပိုင်အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သာရေးနာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေရှာဖွေခြင်းများလုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန်အတွက် ထမင်းချက်အဖွဲ့များ ၊ ဟင်းချက်အဖွဲ့များ၊ ဓမ္မရောင်ခြည် လူငယ်ပရဟိတအဖွဲ့များ၊ အမျိုးသမီးပရဟိတအဖွဲ့၊ ထမင်းကျွေးတာဝန်များအား ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲဦးဆောင်စေခြင်းစသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ပေါင်လောင်ကြီးကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ကြသော အိမ်ထောင်စုမှ**စုစုပေါင်း အိမ်ထောင်စု၏ (၂၈၄) အိမ်ထောင်စုရှိပြီး(၁၁၂)အိမ်ထောင်စုမှာ** စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သူများ ဖြစ်ကြပြီး အခြားစီးပွားရေးအဖြစ် နိုင်ငံဝန်ထမ်းများ၊ စက်မှုလုပ်ငန်းများ၊ တပိုင်တနိုင်မွေးမြူရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းများနှင့် တောင်သူအင်္ဂါးများ လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေးကောင်းစွာရရှိပြီး သီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက်ပြန်ပြီး စိုက်ပျိုးရေးမမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရတက်ပါသည်။ လက်သမား၊ ပန်းရံနှင့် အခြားကျပန်းလုပ်ငန်း လုပ်ကိုင်ကျသူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသော တောင်သူများနှင့် ဆက်စပ်နေသောကြောင့် တောင်သူများ အကျိုးအမြတ်ရ၍ အဆင်ပြေလျှင် ၎င်းတို့လည်း အလုပ်အကိုင်များရရှိ၍ ဝင်ငွေကောင်းပြီး တောင်သူများ သီးနှံဆုံးရှုံးမှုရှိပါက အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်ရတက်ပါသည်။

ပေါင်လောင်ကြီးကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် ၄ ဆင့်ဖြင့်ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓန အဆင့် အခြေအနေအရ ချမ်းသာသောမိသားစုမှာ ကျေးရွာအိမ်ထောင်စု၏ (၃၆.၉%) ဖြင့် အနည်းဆုံး ဖြစ်သည်ကို တွေ့ရှိရပြီး အဆင်ပြေသော အိမ်ထောင်စု (၁၀၀) ဦးနှင့် အိမ်ထောင်စုပေါင်း၏ (၁၇.၁%)ရှိပါသည်။ဆင်းရဲသားမိသားစုမှာ(၆၄)ဦးဖြစ်သောကြောင့် အိမ်ထောင်စုများ၏ အများဆုံးအရေအတွက်ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုပေါင်းသည် (၇၃%)ဖြစ်နေသောကြောင့် ကျေးရွာ အိမ်ထောင်စု၏ သုံးချိုးတစ်ချိုး ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

၄.၈။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ပေါင်လောင်ကြီးကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် အုပ်ချုပ်ရေးမှူးရုံး၊ နှင့် အခြေခံပညာမူလတန်းကျောင်း ရှိပါသည်။ ကျေးရွာတွင် အစည်းအဝေးပွဲများ၊ ဌာနဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပနိုင်ရန်နှင့် နှစ်စဉ်ပွဲတော်ရက်များ ကျင်းပနိုင်ရန်အတွက် ကိုယ်ထူ ကိုယ်ထ အနေနဲ့ ကျေးရွာတွင်း ဓမ္မာရုံတည်ဆောက်ရန် ကြိုးစားဆောင်ရွက် နေပါသည်။ပေါင်လောင်ကြီးကျေးရွာ၏ ရွာတွင်းလမ်းများသည် ကျောက်ခင်းလမ်းဖြစ်ပြီး မိုးရာသီတွင် ရေအိုင်ခြင်း၊ဇွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများလမ်းချော်ခြင်းများဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ ရန်လိုအပ်သည်။

လျှပ်စစ်မီးလင်းရေးအခြေအနေမှာ စုစုပေါင်းအိမ်ထောင်စု၏(၅၂.၄%) သည် မဟာဓါတ်အားလိုင်းကို အသုံးပြုနေကြပါသည်။ တစ်ချို့အိမ်ထောင်စုများဖြစ်သော(၁၂၃) အိမ် (စုပေါင်းအိမ်ထောင်စု၏ (၄၃.၃%)ခန့်သည် မဟာဓါတ်အားလိုင်းသုံးစွဲနိုင်ခြင်း မရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် မီတာအခငွေနှင့် သွယ်တန်းကြိုးတန်ဖိုးငွေ မတတ်နိုင်သော ဆင်းရဲသော အိမ်ထောင်စုများဖြစ်သည်။ အိမ်ထောင်စုပေါင်း၏(၂.၁%)သည် ဆိုလာစနစ်ကိုသာ အသုံးပြုနေကြရသည်။

ကျေးရွာဘေးတွင် ဇော်ဂျီမြစ်ရှိသော်လည်း မည်သည့် ရေကြောင်းသယ်ယူပို့ဆောင်မှုများမှ မရှိပါ။ အခြားသော သယ်ယူပို့ဆောင်ရေး ယာဉ်များကို ဧယားတွင် ဖော်ပြထားပါသည်။စက်ဘီး(၂၇)စီးမှာ ရွာတွင်းနှင့် ကျောင်းသားများ ကျောင်းသွားရန်သာ အသုံးပြုကြသည်။ ဆိုင်ကယ် (၂၅၄) စီး မှာ သယ်ယူ ပို့ဆောင်ရေး ဝန်တင်အဖြစ် သုံးပြီး၊လုပ်ငန်းသုံးအနေဖြင့် သုံးဘီးဆိုင်ကယ် (၁)စီး၊ ထော်လာကျီ (၆) စီးရှိသည်။ကား အစီး (၁၀) မှာ လုပ်ငန်းသုံးနှင့် အိမ်စီးကားများဖြစ်သည်။

ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်

မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ လျှပ်စစ်မီးရရှိသော အိမ်များ၏(၉၅.၇%)ခန့်မှာ တီဗွီမှ ဗဟုသုတအစီအစဉ်များ ကြည့်ရှုကြသည်။

၄.စ။ ပညာရေး

ပေါင်လောင်ကြီးကျေးရွာတွင် အခြေခံပညာ အလယ်တန်းကျောင်းရှိသည့်အတွက် ကျေးရွာရှိ ကလေးများပညာရေးကို အလွယ်တကူသင်ကြားခွင့် ရရှိကြပါသည်။ကျောင်းသား/ သူများမှာလည်း အခြေခံပညာအဆင့်ထိ(၂၂၀)ဦးခန့် ရှိပါသည်။ လက်ရှိစာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်း ဧရိယာ စတုရန်းပေ(၁၀၄၁.၆) ရှိသည်။ စာသင်ကျောင်းဆောင်၏အရည်အသွေးမှာ သင့်တင့်သည့် အနေအထား ရှိပြီး ကျောင်းပရိဘောဂများ လုံလောက်မှု မရှိသေးပါ။ ကျောင်းပညာရေးအားပိုမိုအားကောင်းစေရန် အရပ်ခန့်အဖြစ်ဆရာမတစ်ဦးအားကျေးရွာရန်ပုံငွေဖြင့်ခန့်ထားပါသည်။အထက်တန်းပညာ သင်ကြားရန် အတွက် ပေါင်လောင်ကြီးကျေးရွာနှင့် (၁)မိုင်(၃)ဖာလုံခန့် ကွာဝေးသော သံရွာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်သင်ကြားနေရပါသည်။ ထိုဝေးကွာသောကျောင်းသို့ သွားရောက်ရာတွင် ကျောင်းသား/သူများ၏ မိဘများမှ ကားစုပေါင်းငှား၍ ကားခအဖြစ် ငွေတစ်သောင်း ကျပ်လစဉ် ကုန်ကျပါသည်။ ထို့ကြောင့် ထိုအခက်အခဲများကို ကျော်လွှားဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော်မှ အခြေခံပညာအလယ်တန်းကျောင်းအဆင့်နှင့် အထက်တန်းကျောင်းအဆင့်သို့ အဆင့် တိုးမြှင့်၍ ကျောင်းသား/သူ များကောင်းမွန်စွာပညာသင်ကြားနိုင်ရေးအတွက် စာသင်ဆောင် ထပ်မံ ဆောက်လုပ်ပေးခြင်း၊ သင်ထောက်ကူပစ္စည်းများထားရှိပေးခြင်း၊ ကျောင်းသား/သူများ ဘက်စုံ ထူးချွန်စေမည့် စီမံချက်များလုပ်ဆောင်ပေးရန် လိုအပ်လျက်ရှိပါသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၄.ဆ။ ကျန်းမာရေး

ပေါင်လောင်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ သို့ပင်မဲ့သံရွာကျေးရွာသို့ သွားရောက်ကုသနိုင်သည့်အတွက် ကျေးရွာသူ/သားများ၏ ကျန်းမာရေးနှင့်ပတ်သက်၍

ကူးစက်ရောဂါဖြစ်ပွားသူများမှာ အနည်းငယ်မျှသာရှိပြီး အများစုမှာ ကျန်းမာရေး ကောင်းမွန်ကြပါသည်။ တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်းသောအစား အသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရာသီပေါ်တုတ်ကွေး၊ ဖျားနာဖြစ်ခြင်း၊ တို့ဖြစ်ပေါ်တက်ပါသည်။ ထိုအချိန်တွင် ကျန်းမာရေးဌာနမှ အချိန်မှီလာရောက်ကုသမှုရှိ၍ ကျန်းမာရေးဗဟုသုတ အသိပညာပေးဟောပြောပွဲများပြုလုပ်ပေးလျှက်ရှိပါသည်။သို့သော်လည်းအရေးပေါ်ကိစ္စများတွင် ကျန်းမာရေး ဝန်ဆောင်မှု အချိန်မှီရရှိနိုင်ရန် (၂၅)မိုင်ခန့်ဝေးကွာသော ကျောက်ဆည် မြို့နယ်ဆေးရုံ သို့ သွားရောက်ရခြင်းဖြစ်သည့်အတွက် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းအားအဆင့်မြှင့်တင်ခြင်း၊ တိုက်နယ်အဆင့် တိုးမြှင့်ခြင်းတို့ ပြုလုပ်ပေးရန်နှင့် ကျေးလက်ကျန်းမာရေး ဆရာမလည်း လိုအပ်လျက် ရှိသည်။ သောက်ရေအတွက် အဝီစိစက်တပ်နှင့်တုံကင်တွင်းများရှိသည့်အတွက် ရေအခက်အခဲမရှိပါ။ သို့သော် ရေအရည်အသွေးများ စမ်းသပ်စစ်ဆေးမှုများ မရှိသေးပါ။

ကျေးရွာအိမ်ထောင်စု အများစုမှာ ယင်လုံအိမ်သာ သုံးစွဲကြပါသည်။ စုစုပေါင်းအိမ်ထောင်စု၏ (၂.၈%)ခန့်သည် အိမ်သာမရှိသူများ ဖြစ်ကြသည်။ယင်လုံအိမ်သာ မသုံးစွဲသော မိသားစုအချို့မှာ ဆင်းရဲသော မိသားစုများနှင့် ကျန်းမာရေး အသိမရှိသေးသော မိသားစုများသာဖြစ်ပါသည်။ ၎င်းတို့အား ယင်လုံအိမ်သာ သုံးစွဲခြင်းဖြင့် ကျန်းမာရေး၏ အရေးကြီး ပုံများကို အသိပညာပေးခြင်း ပြုလုပ်ပေးရန် လိုအပ်ပါသည်။

၄.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ပေါင်လောင်ကြီးကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင်တစ်ခါတစ်ရံ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများ တိုက်ခက်

ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ဇော်ဂျီမြစ်ရေကြီး၊ ရေလျှံမှုများ၊ ကမ်းပါးများပြိုခြင်းအစရှိသောဘေးအန္တရာယ်များဖြစ်ပေါ်လာနိုင်ပါသည်။အပူချိန် မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေးရှားပါးမှုနှင့် ကြုံတွေ့ရပြီး လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာရွာသွန်း၍ ဇော်ဂျီမြစ်ရေကြီးမှု၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်ခြင်း တို့ကြောင့် လူနေအိမ်များပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများ၊ ပျက်စီးဆုံးရှုံးနိုင်ခြင်း၊ အစရှိသော ဘေး အန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

၄.၈။ ကျား - မရေးရာ

ပေါင်လောင်ကြီးကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏာန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

ပေါင်လောင်ကြီးကျေးရွာတွင် ကျားမမရွေး၊ လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်ကြီးလှည့်ခြင်းကို သာသနာ့ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်းကာလ ဥပုသ်နေ့များ၌ ပဌာပတ်ဆွမ်းလောင်းခြင်း၊ ကျေးရွာတွင်းသာရေး နာရေးများတွင်လည်း ကူညီဆောင်ရွက်ခြင်း၊ ကျေးရွာလုံခြုံရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂) လရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ ပေါင်လောင်ကြီးကျေးရွာအမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာ

ရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝေဂအလင်္ကာများ ရွတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်းဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၅၀၀၀/-) ကျပ်ဖြစ်ပြီး၊ လက်သမား၊ ပန်းရန်စသော လက်မှုပညာဖြင့် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၇၀၀၀/-) ကျပ်ဖြစ်ပါသည်။စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသော အမျိုးသမီးများ၏ တစ်ရက်လုပ်အားလပျမ်းမျှမှာ (၃၀၀၀/-)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ငန်းများတွင် အမျိုးသားပျမ်းမျှ (၇၀၀၀/-) ကျပ်နှင့် အမျိုးသမီးပျမ်းမျှ (၄၀၀၀/-) ကျပ်ရရှိကြသည်။အခြားနိုင်ငံဝန်ထမ်းများတွင် အမျိုးသား၊ အမျိုးသမီး ရာထူးတူလစာနှုန်းတူများရရှိကြ၍ အခြားအဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူများလည်း ရှိပါသည်။

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေးအဆင့်	စီမံချက်အမည်	ဦးစားပေးအဆင့်
ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁	အားကစားကွင်းများဖြစ်မြောက်ရေးကူညီရန်	၁၁
မြစိမ်းရောင်ချေးငွေ	၂	ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်ပေးရန်	၁၂
စိုက်ပျိုးရေလုံလောက်စွာရရှိရေး	၃	လက်မှုလယ်ယာမှစက်မှုလယ်ယာစနစ်ဖော်ဆောင်ပေးရန်	၁၃
ရေမြောင်းများအဆင့်မြှင့်တင်ပေးရန်	၄	စိုက်ပျိုးသီးနှံများအခြေခံစျေးနှုန်းသက်မှတ်ပေးရန်	၁၄
ကျေးရွာတွင်းကျေးလက်ကျန်းမာရေးဆေးပေးခန်း	၅	ကျောင်းနေအရွယ်ကလေးငယ်များလူတိုင်းကျောင်းနေနိုင်ရန်	၁၅
ပရဟိတအသင်းအတွက်အသုံးပြုရန်ကားထောက်ပံ့ပေးရန်	၆		
ခရိုင်ပတ်လမ်းရေနုတ်မြောင်းပြန်လည်တူးဖော်ပေးရန်	၇		
ကျန်ရှိနေသောအိမ်များလျှပ်စစ်မီးလင်းရန်	၈		
မူလွန်ကျောင်းနှင့်ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန်	၉		
ကျေးရွာတွင်းအိမ်ရောက်ရေပေးစနစ်	၁၀		

ပေါင်လောင်ကြီးကျေးရွာ၊ ပေါင်လောင်ကြီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဆန်းလင်း	ဦးထွန်းတင်	၉/စကတ(နိုင်)၁၀၈၅၈၀	၃၉	ဥက္ကဋ္ဌ	၀၉၉၇၀၃၃၄၁၈၈
၂	ဦးလွင်ဦး	ဦး:ပု	၉/စကတ(နိုင်)၁၂၇၈၃၃	၄၅	အတွင်းရေးမှူး	၀၉၇၈၃၆၅၆၄၅
၃	ဒေါ်မြင့်မြင့်ခိုင်	ဦးသန်းအေး	၉/စကတ(နိုင်)၁၀၉၃၄၀	၃၆	စာရင်းကိုင်(၁)	
၄	ဒေါ်မြဝင်း	ဦးဖိုးရီ	၉/စကတ(နိုင်)၁၂၇၉၀၄	၄၃	ဘဏ္ဍာရေးမှူး	၀၉၃၃၇၆၆၈၂၈
၅	ဒေါ်အေးမြစန္ဒာ	ဦးမော်ကြီး	-	၂၆	သေ့ကိုင်(၁)	
၆	ဒေါ်ဝင်းဝင်းခိုင်	ဦးကျော်အေး	၉/စကတ(နိုင်)၁၀၉၂၂၄	၃၀	သေ့ကိုင်(၁)	၀၉၉၅၀၉၇၂၃၁
၇	ဦးညွန့်ဝင်း	ဦးတင်	-	၅၁	အဖွဲ့ဝင်	၀၉၇၈၈၇၅၀၆၀၈
၈	ဦးမြင့်ဇော်ထွန်း	ဦးခင်စိန်	၉/စကတ(နိုင်)၁၂၇၈၅၅	၃၉	အဖွဲ့ဝင်	၀၉၉၆၆၀၉၉၁၉၂
၉	ဦးအောင်လွင်	ဦးကြည်လှိုင်	၉/စကတ(နိုင်)၁၂၇၈၄၆	၄၀	အဖွဲ့ဝင်	၀၉၇၇၄၄၉၉၅၈၅

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈	၁၄	၂၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၈	၃၀	၅၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၀	၃၄	၇၄
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၄	၄၁	၉၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၇၄	၅၄၇	၁၀၂၁
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၅	၃၅	၆၀
စုစုပေါင်း		၆၂၉	၇၀၁	၁၃၃၀
စုစုပေါင်း အိမ်ထောင်စု		၂၈၄		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ပေါင်လောင်ကြီးကျေးရွာသည် တစ်အိမ်ထောင်လျင်ပျမ်းမျှ လူဦးရေ(၄.၆၈) ဦး သာ ရှိ၍ လူဦးရေမွေးဖွားနှုန်း လွန်စွာနည်းပါးသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၆၄၃	သင့်	အနည်း	မြေအောက်ရေ/ဆည်ရေ
ယာမြေ	-	-	-	-
ဥယျာဉ်ခြံမြေ	-	-	-	-
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
သစ်တောမြေ	-	-	-	-

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
စုစုပေါင်း	၆၄၃			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်။ ။ပေါင်လောင်ကြီးကျေးရွာသည် လယ်မြေများ သာ ရှိပါသည်။ စိုက်ပျိုးမြေ အများစု မှာလယ်မြေများဖြစ်ကြပြီး ဆည်ရေသောက်ဖြစ်သော်လည်း ရေပေးဝေမှုမှာ အနည်းအကျဉ်းသာဖြစ်ခြင်း၊ အဝီစိတွင်းများတူး၍စိုက်ပျိုး ရေးကိုအစားထိုးအသုံးပြုနေကြပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	-	-
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	-	-
ပျမ်းမျှအပူချိန် – ၃၅·C	ပျမ်းမျှ မိုးရေချိန် – ၄၀”	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊
လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	ရပ်မိရပ်ဖအဖွဲ့	၁☐ ၂☐ ၃☑	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ရပ်မိရပ်ဖအဖွဲ့သည်ကျေးရွာအတွက် အစစအရာရာကောင်းမွန်ပါသည်။ ရေရှည်စွမ်းဆောင်နိုင်မှုရှိသည်။
၂	ပရဟိတအဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကျေးရွာဖွံ့ဖြိုးရေးအတွက်အများပေါင်းစုံလုပ်ကိုင်သော်လည်းအဖွဲ့တောင့်တင်းခိုင်မာမှုအားကောင်းပါသည်။
၃	ဓမ္မစကြာဝတ်အသင်းအဖွဲ့	၁☐ ၂☐ ၃☑	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ဘာသာ/သာသနာအတွက်ပြန့်ပွားရေးလုပ်ဆောင်မှုရှိပြီးလိုအပ်ခဲ့ပါက အဖွဲ့အသီးသီးနှင့်ပူးပေါင်းဆောင်ရွက်ကူညီသည်။
၄	အမျိုးသားအဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑	အမျိုးသားအဖွဲ့မှလည်းလုံခြုံရေး သာသနာရေး၊စိုက်မွေးစသည့်တို့တွင် ပူးပေါင်းဆောင်ပြီးအဖွဲ့အားနည်းပါသည်။
၅	လယ်သမားအဖွဲ့	၁☑ ၂☐ ၃☐	ပညာရေး☑ငွေကြေး☑ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	စိုက်ပျိုးရေးကိုဦးစားပေးလုပ်ဆောင်ပြီးဈေးကွက်အခြေအနေအရဖွံ့ဖြိုးမှုနည်းနေပါသည်။
၆	ငွေစုငွေချေးအဖွဲ့	၁☑ ၂☐ ၃☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	အရောင်းအဝယ်ချေးငွေစိုက်ဘဏ် တောင်သူချေးငွေ၊တပိုင်တနိုင်မွေးမြူရေးချေးငွေပေးပါသော်လည်းအတိုးနှုန်းများသည်။
၇	အမျိုးသမီးအဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အများတွင်ပူးပေါင်းပါသော်လည်းဖွဲ့စည်းမှုတွင် စည်းလုံးမှုနည်းသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လယ်သမားမှန်လျင်မြေပေါ်တွင်စိုက်ပျိုး လုပ်ကိုင်ပါသော်လည်း ၁။စိုက်ပျိုးရေး ၂။ဈေးကွက် ၃။စိုက်ဘဏ်ချေးငွေပမာဏ နည်းလွန်ခြင်း ၄။ပွဲစားများ၏ကတိပျက်ပြီး ငွေများ ဆုံးရှုံးစေ၍ကျေးရွာဖွံ့ဖြိုးမှုအတန်အသင့်သာရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၇ဧကနှင့်အထက်	၄ဧကနှင့်၆၀ အကြား	၅၀မှ၃ဧကကြား	-
အိမ်အခြေအနေ	တိုက်(၂)ထပ်အိမ်	တိုက်(၁)ထပ် အိမ်	(၄)ပင်ထရံကာသွပ်မိုး	သုံးပင်သက်ကယ်မိုး
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ထော်လာကျိ၊ထွန်စက်၊ရေစက်	ထော်လာကျိ၊ရေစုပ်စက်၊နွားလှည်း	ဆိုင်ကယ်၊စက်ဘီး	ဆိုင်ကယ်၊စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	အရောင်းအဝယ်၊ စိုက်ပျိုးရေး	အရောင်းအဝယ်၊ စိုက်ပျိုးရေး	စိုက်ပျိုးရေး၊ မွေးမြူရေး၊ အငှားလုပ်သား	နေ့စားအလုပ်သမား
အိမ်ထောင်စု	၁၀၅	၈၀	၆၄	၃၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် ။ ။ပေါင်လောင်ကြီးကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထား အသက်မွေးကြသောကျေးရွာဖြစ်ပြီး အဆင်ပြေသောအိမ်ထောင်စုများမှာလည်း တောင်သူလယ်သမားကြီးများသာဖြစ်ပါသည်၊ မပြေလည်သောအိမ်ထောင်စုများများမှာလည်း မြေဧက အနည်းငယ်ရှိသူများနှင့် မြေယာမဲ့များဖြစ်သည်။ ၎င်းအိမ်ထောင်စုများမှလည်း တောင်သူကူလီများသာ ဖြစ်သည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၆၃	၅၇%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၅၀	၁၇.၆%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၃၃	၁၁.၆%	တောင်သူငယ်

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၄	၅ကေမှ၁၂.၅ကေကြား (၅ဟတ်တာထိ)	၂၄	၈.၄%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်)	၁၄	၄.၉%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၂၈၄		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မြေယာမဲ့များ ကျေးရွာအိမ်ထောင်စု၏ ထက်ဝက်နီးပါးခန့်ရှိသည်။ ၎င်းမြေယာမဲ့များမှာလည်း တောင်သူကူလီများသာ အများစုလုပ်ကိုင်ကြသည်။ တောင်သူအများစုမှာ အလုပ်သမားရှားပါးခြင်း၊သီးနှံစျေးကွက်တည်ငြိမ်မှုမရှိပါ။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး	၂၀၀	တင်း	၅၀	၇၀	၆၀	နည်း
ကုလားပဲ	၁၅၀	တင်း	၁၅	၂၅	၂၀	သင့်
နှမ်း	၅၀၀	တင်း	၈	၁၀	၉	သင့်
ပဲတီစိမ်း	၁၅၀	တင်း	၂၀	၃၅	၂၇	သင့်
ငရုတ်	၁၀၀	တင်း	၇၀	၂၀၀	၁၃၅	နည်း
နန္နင်း	၅၀၀	ဝိဿ	၆၀၀	၈၀၀	၇၀၀	များ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လယ်မြေများအား စပါး၊ ကုလားပဲ စိုက်ပျိုးကြပြီး ယာမြေများအား ပဲတီစိမ်းနှင့် နှမ်းများ အဓိကထားအများစုစိုက်ပျိုးကြသည်။ ငရုတ်နှင့်နန္နင်းစိုက်ရာတွင် ရေငတ်ဒဏ်ခံခြင်း၊ဖျက်ပိုးအန္တရာယ် ကင်းဝေးခြင်းတူးဖော်ချိန်တွင်တူးဖော်စရိတ်ကိုပြန်စစ်စေပြီး အတက်သည်အမြတ်ဖြစ်ပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၅၁	၁၄၆
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်	၄	၄၄
သိုး		
ဝက်	၇၉	၁၃၉
ကြက်		
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးသီးသန့်မရှိပါ။ တောင်သူခိုင်းရန်၊ တပိုင်တနိုင် နို့စားနွားနှင့် ကြက်၊ ဆိတ်များအနည်းငယ်မွေးမြူမှုရှိသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအ တွက်	ဝန်ထမ်း / အလုပ်သမား အရေ အတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်း ဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၃	‘-	၅	အလယ်အလတ် အဆင့်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး				

	ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ)				
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၂	-	-	အလယ်အလတ်အဆင့်နှင့်အမြင့်တို့တွင်တည်ရှိပါသည်။
၈	ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း	၁	-	၅	
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း)	၆	၁၀	၁၀	ငွေကြေးချမ်းသာသူများကုန်ဝယ်လှောင်ကြပြီးရပ်တည်နိုင်မှုမှာဖြင့် အရောင်းချေးငွေ
၁၁	အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	
၁၂	ပညာရေး	၁၁	၁၁	-	ပညာရေးဝန်ထမ်းများဖြစ်ကြပြီးစီးပွားရေးရပ်တည်နိုင်မှုမှာမြင့်ပါသည်။
၁၃	ကျန်းမာရေး	၁	-	၄၀	
၁၄	လူမှုရေး လုပ်ငန်းများ	၁၁	-	၄၀	
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	၂၀	-	၂၀	
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ		၁၂၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေး၊မွေးမြူရေးသမားများလည်းအပိုဝင်ငွေရရှိရန်အခြားလုပ်ငန်းများကိုလည်းလုပ်ကိုင်ကြပြီးမိသားစုစားဝတ်နေရေးဖြေရှင်းယူကြသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	သံရွာ	ကျောက်ဆည်

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☑ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐
